# ၁။ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေး ဌာနအကြောင်း သိကောင်းစရာ

၁။

# လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနအကြောင်း သိကောင်းစရာ

**ရည်ရွယ်ချက်**

(က) လုပ်သားများ၏ ကျန်းမာရေးအဆင့် တိုးတက်မြင့်မားလာစေရန်။

(ခ) လုပ်ငန်းခွင်နှင့်ဆက်နွယ်၍ ဖြစ်ပွားပေါ်ပေါက်လာနိုင်သည့် ရောဂါဝေဒနာများ၊ ကျန်းမာရေးပြဿနာများကို ကြိုတင်သိရှိကာကွယ်နိုင်ရန်။

(ဂ) လုပ်ငန်းခွင်များ၊ လုပ်ငန်းခွင်စွန့်ပစ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်မြေ၊ ရေ၊ လေထု ညစ်ညမ်းမှုများမှ ပေါ်ပေါက်လာနိုင်သည့် အဆိပ်သင့်မှုများကို ထောက်လှမ်းဆန်းစစ် ဖော်ထုတ်ကာကွယ်နိုင်ရန်။

(ဃ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကြားတွင် ဖြစ်ပေါ်လာနိုင်မည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိစ္စရပ်များကို ရှာဖွေဖော်ထုတ်နိုင်ရန်။

# ၁။ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနအကြောင်း သိကောင်းစရာ

**<u>လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ</u>**

(က) လုပ်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ကျန်းမာရေးဝန်ထမ်းများ (Occupational physician, Occupational nurses, Laboratory technicians) ကို တိုးမြှင့်ရရှိအောင်နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပြီး လိုအပ်ပါက လေ့ကျင့် ဆောင်ရွက်မှုများ ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းခွင်ကျန်းမာရေးနှင်ဘေးအန္တရာယ်ကင်းရှင်းရေး စံသတ်မှတ်မှုများ (Occupational Health and Safety Standard) ပေါ်ထွက် လာရေး ဆောင်ရွက်ရန်၊

(ဂ) အစိုးရဌာနများနှင့် ပုဂ္ဂလိကဌာနများရှိ လုပ်သားတစ်ရပ်လုံးကို ကျန်းမာရေး စောင့်ရှောက်မှုများကို စနစ်တကျပေးနိုင်ရေး ဆောင်ရွက်ရန်

# လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ

(ဃ) ဘေးအန္တရာယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များရှိ လုပ်သားများ၏ ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်ရန်၊

(င) ဘေးအန္တရာယ်ရှိ စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းခွင်များကိုစစ်ဆေးမှု
ပြုနိုင် ရေးဆောင်ရွက်ရန်၊

(စ) လုပ်သားများ၏ လုပ်ငန်းခွင်များကို ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်များ ဖြစ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) လုပ်ငန်းခွင်ကျန်းမာရေးအဆင့်မြင့်မားရေးလုပ်ငန်းများကို ဌာန အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

# ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ

(က) ဓာတုပစ္စည်းများ အန္တရာယ်ကင်းစွာစနစ်တကျစီမံခန့်ခွဲရေး ကိစ္စရပ်များကို တစ်နိုင်ငံ လုံးလွှမ်းခြုံပြီး ဆောင်ရွက်ရန်၊

(ခ) Bio safety and Bio Security ကိစ္စရပ်များကို ဆောင်ရွက်ရန်၊

(ဂ) Hazardous Waste Management နှင့်ပတ်သက်၍ Health care waste Management ကိစ္စရပ်များကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ဆောင်ရွက်ရန်၊

(ဃ) ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သော ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ရန်၊

# ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ

(င)　နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တိုင်းတွင် မဖြစ်မနေ ဆောင်ရွက်ရသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း၊ အပင်ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းရန်၊

(စ)　Poison Information center ပေါ်ထွက်နိုင်ရေး ဆောင်ရွက်ရန်၊

(ဆ)　ဓာတ်ခွဲခန်းကို Environmental Toxicological Laboratory အနေဖြင့်စနစ်တကျ ဆောင်ရွက်ရန်၊

(ဇ)　သန့်ရှင်းသော သောက်သုံးရေနှင့် လုံခြုံစိတ်ချရသည့်ရေပေးဝေရေး စနစ် ထွက်ပေါ်လာရေးဆောင်ရွက်ရန်၊

# လုပ်ငန်းစဉ်များ

(က) စက်ရုံ/ အလုပ်ရုံများရှိ လုပ်သားများ၏ကျန်းမာရေးစစ်ဆေးခြင်း

(ခ) စက်ရုံ/ အလုပ်ရုံ အတွင်း၊ အပြင်ရှိ ပတ်ဝန်းကျင်အား ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) လုပ်သားများ၏ လုပ်ငန်းခွင်များကို ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) သောက်သုံးရေ/ စွန့်ပစ်ရေ အရည်အသွေး စစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ကျန်းမာရေးသင်တန်းများပို့ချခြင်း၊

(စ) လုပ်ငန်းခွင်ရှေးဦးသူနာပြုသင်တန်းများပို့ချခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် Guideline ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

# လုပ်ငန်းစဉ်များ

(ဇ) ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းစွာ စီမံခန့်ခွဲနိုင်ရေးအတွက် နှီးနှောဖလှယ်ဌာနများ နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) တက္ကသိုလ်၊ ကောလိပ်၊ ဌာနများမှ သုတေသနလုပ်ငန်းများ ဆောင်ရွက် ရာတွင်ကူညီပေးခြင်း၊

(ည) လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အခြေခံ အချက် အလက် နှင့် စာရင်းအင်းများပြုစု၍ အစီရင်ခံခြင်း၊